## ရည်ရွယ်ချက်

❖ အခွန်ထမ်းပြည်သူများအနေဖြင့် ပြည်ပတင်သွင်းမော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ရန်အတွက် အခွန်ကိစ္စစိစစ်ခြင်းနှင့်ပတ်သက်၍ ကျသင့်အခွန်ထမ်းဆောင်ခြင်းနှင့် ဝင်ငွေရလမ်းတင်ပြခြင်းဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းစွာသိရှိနိုင်ရန်ဖြစ်ပါသည်။

### ပြည်ပတင်သွင်းမော်တော်ယာဉ်များကနဦးမှတ်ပုံတင်ရန်အတွက် အခွန်ကိစ္စစိစစ်ဆောင်ရွက်နိုင်သည့်ရုံးများ

❖ ပြည်ပမှ မော်တော်ယာဉ်တင်သွင်းသူများအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမော်တော်ယာဉ်မှတ်ပုံတင်ခြင်း၊ အမည်ပေါက် ဆောင်ရွက်ခြင်းများပြုလုပ်နိုင်ရေးအတွက် ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ကိစ္စစိစစ်ဆောင်ရွက်ခြင်းများကို အောက်ဖော်ပြပါရုံးများတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ အမှတ် (၅၈/၆၂)၊ (ပထမထပ်)၊ (လောကနတ်ပန်းချီခန်းမနှင့်မျက်နှာချင်းဆိုင်) ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

(ခ) မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ ၆၅ လမ်း၊ ၂၂x၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊

(ဂ) သီရိ(၅)မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်(၃၃၅/၃၃၆)၊ နှင်းဆီ(၄) လမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

### ၁။ ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းအတွက် ဝင်ငွေခွန်ပေးဆောင်မည်ဆိုပါကတင်ပြရန်လိုအပ်မည့် အထောက်အထားများ

**(က) တစ်ဦးချင်းပုဂ္ဂိုလ်အမည်ဖြစ်လျှင်-**

- နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ၊
- အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆) မူရင်း/မိတ္တူ၊
- သွင်းကုန်ပါမစ်(Import Permit) (သို့) သွင်းကုန်လိုင်စင်၊ (Import Licence) မူရင်း/မိတ္တူ၊
- သွင်းကုန်ကြေညာလွှာပုံစံ(Import Declaration)မူရင်း/မိတ္တူ၊
- Customs Statement မူရင်း/မိတ္တူ၊
- မော်တော်ယာဉ်(ရှေ့/နောက်/ဘေး) ဓါတ်ပုံ (၃)ပုံ၊
- မော်တော်ယာဉ်၏ ယာဉ်စစ်မှတ်တမ်း၊
- ကုမ္ပဏီ/အရောင်းစင်တာ(Show Room)မှ ထုတ်ပေးသည့် Invoiceနှင့် အရောင်းအဝယ်သဘောတူစာချုပ် မူရင်း/မိတ္တူ၊



- ကိုယ်စားလှယ်ဆောင်ရွက်ခြင်းဖြစ်ပါက ထိုက်သင့်တံဆိပ်ခေါင်းကပ်နှိပ်ထားသည့် ကိုယ်စားလှယ်လွှဲစာ။

**( ခ ) ကုမ္ပဏီအမည်ဖြစ်လျှင်-**

- ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (Company Certificate)မိတ္တူ၊
- အစုရှယ်ယာထည့်ဝင်ပိုင်ဆိုင်မှုအထောက်အထား (Company Extract Form)၊
- သွင်းကုန်ပါမစ်(Import Permit) (သို့) သွင်းကုန်လိုင်စင် (Import Licence) မူရင်း/မိတ္တူ၊
- သွင်းကုန်ကြေညာလွှာပုံစံ(Import Declaration) မူရင်း/မိတ္တူ၊
- Customs Statement မူရင်း/မိတ္တူ၊
- မော်တော်ယာဉ်(ရှေ့/နောက်/ဘေး) ဓါတ်ပုံ (၃)ပုံ၊
- မော်တော်ယာဉ်၏ ယာဉ်စစ်မှတ်တမ်း၊
- ကုမ္ပဏီ/အရောင်းစင်တာ(Show Room)မှ ထုတ်ပေးသည့် Invoice နှင့် အရောင်းအဝယ်သဘောတူစာချုပ် မူရင်း/မိတ္တူ၊
- ကိုယ်စားလှယ်ဆောင်ရွက်ခြင်းဖြစ်ပါက ထိုက်သင့်တံဆိပ်ခေါင်းကပ်နှိပ်ထားသည့် ကိုယ်စားလှယ်လွှဲစာ၊
- SAS စနစ်ကျင့်သုံးသော အခွန်ထမ်းကုမ္ပဏီဖြစ်ပါက သက်ဆိုင်ရာ အခွန်ရုံးများ၏ ထောက်ခံစာ၊
- OAS စနစ်ကျင့်သုံးသော အခွန်ထမ်းကုမ္ပဏီဖြစ်ပါက ပြည်ပမှကိုယ်တိုင်တင်သွင်းလျှင် (သို့) ပြည်တွင်းရှိ Show Room တို့မှ ဝယ်ယူလျှင် ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းအတွက် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ပေးဆောင်ရပါမည်။

**မှတ်ချက်။** ယာဉ်အိုယာဉ်ဟောင်းအပ်နှံ၍ တင်သွင်းခြင်းဖြစ်လျှင် ယာဉ်အိုယာဉ်ဟောင်းနှင့်သက်ဆိုင်သည့် အထောက်အထားများဖြစ်သော ပုံစံ(၁)၊ ငွေသွင်းချလန်၊ ပုံစံ(ဃ)၊ ပုံစံ(စ)မူရင်း/ မိတ္တူ(၁)စုံစီ ထည့်သွင်းတင်ပြရမည်။

### ၂။ ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းအတွက် ဝင်ငွေရလမ်းတင်ပြမည်ဆိုပါက ဝင်ငွေရလမ်းအမျိုးအစားအလိုက် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တင်ပြရမည့်အထောက်အထားများ

**(က) ကုမ္ပဏီ၏အမြတ်ဝေစုဖြင့် ဝင်ငွေရလမ်းတင်ပြခြင်းဖြစ်လျှင်-**

- အမှတ်စဉ်(၁) (က)ပါ အထောက်အထားများ၊
- ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (Company Certificate)မိတ္တူ၊
- အစုရှယ်ယာထည့်ဝင်ပိုင်ဆိုင်မှု အထောက်အထား (Company Extract Form)၊ နှစ်ချုပ်စာရင်း၊
- ကုမ္ပဏီ၏အခွန်ပေးသွင်းထားသည့် ချလန်နှင့် ပတခ(ဝင)ဝ၄-ဝ၈ (ယခင်ပတခ(ဝင)-၈) မူရင်း/မိတ္တူ၊ (SAS)ရုံးဖြစ်ပါက



ပတခ(ဝင)ဝ၄-ဝ၁ (ယခင်-SAS-1) (သို့) ပတခ(ဝင)ဝ၄-ဝ၁(က) (ယခင် SAS-1(a) (သို့) ပတခ(ဝင)ဝ၄-ဝ၃ (ယခင်- SAS-3) မူရင်း/ မိတ္တူ၊

- ဒါရိုက်တာအဖွဲ့ အမြတ်ဝေစုထုတ်ယူကြောင်း အစည်းအဝေးမှတ်တမ်း၊ ကုမ္ပဏီမှ ထုတ်ပေးသည့် အမြတ်ဝေစုခွဲဝေမှုဆိုင်ရာ သက်သေခံအထောက်အထား (သို့) အမြတ်ဝေစုအဖြစ် ငွေကြေး (သို့) ပိုင်ဆိုင်မှုရယူခဲ့သည့်အထောက်အထား (ချက်လက်မှတ် မိတ္တူ၊ ငွေစာရင်းစာအုပ်မှတ်တမ်းများ)။

**( ခ ) ပြည်ပတွင်ရရှိသည့် လစာဝင်ငွေ/သင်္ဘောသားလစာဝင်ငွေဖြင့် ဝင်ငွေရလမ်း တင်ပြခြင်းဖြစ်လျှင်-**

- အမှတ်စဉ်(၁) (က)ပါ အထောက်အထားများ၊
- နိုင်ငံကူးလက်မှတ်(ပတ်စ်ပို့)/ စီဒီစီ မူရင်း/ မိတ္တူ၊
- ပြည်ပနေနိုင်ငံသား၏ လစာဝင်ငွေခွန်ပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ် ပတခ(ဝင)-၁ဝ-ဝ၁ (သို့) ပတခ (ဝင)-၁ဝ-ဝ၁(က)၊
- လစာဝင်ငွေဆိုင်ရာအထောက်အထား မူရင်း/မိတ္တူ (ဥပမာ-သင်္ဘောသားဖြစ်ပါက Povtage Bill)၊
- ပြည်ပတွင်အလုပ်လုပ်သည့် ကာလဆိုင်ရာအထောက်အထား မူရင်း/ မိတ္တူ၊
- အလုပ်နှင့်စပ်လျဉ်းသည့်အထောက်အထား(Contract/Appointment)၊
- OWIC အမှတ် (သို့) CDC/SIRB အမှတ်အထောက်အထား၊
- ဘဏ် (သို့) တရားဝင်ငွေလွှဲလိုင်စင်ရရှိသည့် Money Exchange Counter များတွင် ငွေလဲလှယ်မှုအထောက်အထားများနှင့် လေဆိပ်တွင် ကြေညာထားသည့်အထောက်အထား၊ Bank Account မိတ္တူ၊
- သံရုံးထောက်ခံချက်/ အလုပ်ခန့်စာ စာချုပ်မူရင်း/မိတ္တူ။

**( ဂ ) ပြည်တွင်းတွင်ရရှိသည့်လစာဝင်ငွေဖြင့် ဝင်ငွေရလမ်းတင်ပြခြင်းဖြစ်လျှင်-**

- အမှတ်စဉ်(၁) (က)ပါ အထောက်အထားများ၊
- ၂ဝ၁၇ ခုနှစ် ဧပြီလ ၁ရက်နေ့ မတိုင်မီကာလဖြစ်ပါက သက်ဆိုင်ရာ ငွေထုတ်သူအရာရှိက တာဝန်ခံလက်မှတ် ရေးထိုးထားသည့် နှစ်အလိုက်လစာ စာရင်း(မူရင်း)၊
- ၂ဝ၁၇ ခုနှစ် ဧပြီလ ၁ရက်နေ့ နောက်ပိုင်းကာလဖြစ်ပါက သက်ဆိုင်ရာနှစ်အလိုက် ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ထုတ်ပေးသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားပုံစံ ပတခ(ဝင)-၃ဝ (မူရင်း)၊
- ဝန်ထမ်းသက်သေခံလက်မှတ် မူရင်း/မိတ္တူ၊
- အခွန်ပေးဆောင်ထားသည့်လစာ စာအုပ်မူရင်း/မိတ္တူ လစာဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ်

ပတခ(ဝင)-၁၅(က) ဝင်ငွေခွန်ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထား ပတခ(ဝင)-၃၀၊ ပတခ(ဝင)-၁၀-၂၁၊

- ➢ လက်ရှိဝန်ထမ်းဖြစ်ပါက လစာရရှိမှုဇယားနှင့် မိမိဌာနအကြီးအကဲ၏ ထောက်ခံချက်မူရင်း၊
- ➢ အငြိမ်းစား လစာ/ပင်စင် ဆုကြေးငွေ၊ ပင်စင်စာအုပ် မူရင်း/မိတ္တူ၊ နောက်ဆုံးထုတ်ယူသည့် ပင်စင်လစာထုတ်ယူမှု အထောက်အထား။

**(ဃ) လစာမှအပ တင်ပြလိုသည့်အခြားဝင်ငွေခေါင်းစဉ်ဖြင့် ဝင်ငွေရလမ်းတင်ပြခြင်းဖြစ်လျှင်-**

- ➢ အမှတ်စဉ်(၁) (က)ပါ အထောက်အထားများ၊
- ➢ တင်ပြလိုသည့်အခြားဝင်ငွေခေါင်းစဉ် (အခြေပစ္စည်းရောင်းချခြင်း/ စီးပွားရေးလုပ်ငန်း/ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း/ ပစ္စည်းငှားရမ်းခြင်းလုပ်ငန်း/အခြားလုပ်ငန်း)များအတွက် နှစ်အလိုက်ဝင်ငွေခွန်ပေးသွင်းထားသည့်ချလန်များနှင့် ပတခ(ဝင)၀၄-၀၈ (ယခင် ပတခ(ဝင)-၈)တို့၏ မူရင်းများ/မိတ္တူများ။

**( င ) အောင်ဘာလေထီဆုငွေဖြင့် ဝင်ငွေရလမ်းတင်ပြခြင်းဖြစ်လျှင်-**

- ➢ အမှတ်စဉ်(၁) (က)ပါ အထောက်အထားများ၊
- ➢ အောင်ဘာလေသိန်းဆုဌာနခွဲ(ရန်ကုန်/ မန္တလေး)မှ ထီဆုငွေထုတ်ယူခဲ့သည့် အထောက်ထားများ မူရင်း/မိတ္တူ။

**( စ ) ဘဏ်ချေးငွေ၊ မေတ္တာပေးနှင့် ကျန်ဝင်ငွေရလမ်းများဖြင့် တင်ပြခြင်းဖြစ်လျှင်-**

- ➢ အမှတ်စဉ်(၁) (က)ပါ အထောက်အထားများ၊
- ➢ ဝင်ငွေရလမ်းအမျိုးအစားအလိုက် သက်ဆိုင်ရာအထောက်အထားများ။

❖ သတ်မှတ်မော်တော်ယာဉ်တန်ဖိုးအပေါ် ဝင်ငွေရလမ်း အပြည့်အဝတင်ပြနိုင်လျှင် ဝင်ငွေခွန်ထပ်မံပေးဆောင်ရန် မလိုအပ်ပါ။

❖ သတ်မှတ်မော်တော်ယာဉ်တန်ဖိုးအပေါ် ဝင်ငွေရလမ်းအပြည့်အဝ မတင်ပြနိုင်လျှင် လိုအပ်သည့်တန်ဖိုးအပေါ် ကျသင့်ဝင်ငွေခွန်ကို ဇယားပါနှုန်းထားဖြင့် ပေးဆောင်ရပါမည်။

**မော်တော်ယာဉ် သတ်မှတ်တန်ဖိုး** = အကောက်ခွန်စည်းကြပ်တန်ဖိုး+ ကျသင့်အကောက်ခွန် + အထူးကုန်စည်ခွန်(ကျသင့်လျှင်)+ ကျသင့်ကုန်သွယ်လုပ်ငန်းခွန် (ကျသင့်လျှင်)+ ကညနမော်တော်ယာဉ်မှတ်ပုံတင်ခ

## အခွန်နှုန်း

❖ သတ်မှတ်မော်တော်ယာဉ်တန်ဖိုးအပေါ် နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါအခွန်နှုန်းထားများအတိုင်း ကျသင့်ဝင်ငွေခွန်ကိုပေးဆောင်ရမည် ဖြစ်ပါသည်။



❖ ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၂၅(က) ပါ အခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဝင်ငွေ (ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ ကျပ် | ထိ ကျပ် | |
| ၁ | ၁ | ၃၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၃၀၀,၀၀၀,၀၀၁ | ၆၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၆၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့် အထက် | | ၂၀ ရာခိုင်နှုန်း |

## ကနဦးမော်တော်ယာဉ် မှတ်ပုံတင်ခြင်းအတွက် အခွန်ကိစ္စ စိစစ်ဆောင်ရွက်ပြီးကြောင်း ပုံစံ


စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
QR Code

**ပြည်တွင်းအခွန်များဦးစီးဌာန**

**အသေးစိတ်သိရှိလိုပါက** အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်)၊ အမှတ်-၁၂၈/၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅လမ်း၊ ၂၂x၂၃လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်းစုံစမ်း မေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့်ပုံစံများ ကိုလည်း download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

# ပြည်ပတင်သွင်းမော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ရန်အတွက် အခွန်ကိစ္စစိစစ်ခြင်းနှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာများ



**၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန်တာဝန်ရှိသည်။**

Internal Revenue Department
Office Building No.(46), Nay Pyi Taw
https://www.ird.gov.mm

Tax by the Law, Service by our Heart”